# စက်မှုဝန်ကြီးဌာန
# စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက်ရရှိရန် လုပ်ဆောင်ရမည့် အစီအစဉ်များ

**အဆင့်( ၁ )**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ် ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် စက်မှုဝန်ကြီးဌာနရှိ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထောက်ခံချက် လျှောက်ထားရန်လိုအပ်ပါသည်။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက် လျှောက်ထားသူသည် “ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက် လျှောက်ထားခြင်း ” လျှောက်လွှာ ပုံစံ-၃ ကို ဖြည့်သွင်းပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲလျှောက်ထားရမည်-

( က ) ကုမ္ပဏီ Letter Head ဖြင့် Managing Director သို့မဟုတ် Board of Director အဖွဲ့ဝင်တစ်ဦးဦးမှ လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ (လျှောက်ထားသူ၏ လက်မှတ်နှင့် Seal မူရင်းများ ပါရှိရန်)

( ခ ) Proforma Invoice မိတ္တူ (Country of Origin, Port of Loading, Discharging (Destination), Packing Type, Total Amount, လျှောက်ထားသူ၏ လက်မှတ်နှင့် Seal မူရင်းများ ပါရှိရန်)

( ဂ ) Sale Contract မိတ္တူ (ရောင်းချသူနှင့် ဝယ်ယူသူတို့၏ လက်မှတ်နှင့် Seal မူရင်းများ ပါရှိရန်)

( ဃ ) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းအား အသုံးပြုမည့်နေရာနှင့် အသုံးပြုပုံ (လျှောက်ထားသူ၏ လက်မှတ်နှင့် Seal မူရင်းများ ပါရှိရန်)

( င ) ဓာတ်ခွဲစမ်းသပ်ချက် (Analysis Report) (ဓာတ်ခွဲစမ်းသပ်သည့်နေ့မှစ၍ တစ်နှစ်အတွင်း သက်တမ်းရှိသော Analysis Report ဖြစ်ရမည်ဖြစ်ပြီး မူရင်းနှင့် မိတ္တူပါရှိရန်)

( စ ) Certificate of Analysis (COA), Safety Data Sheet (SDS) (ထုတ်လုပ်သည့် နိုင်ငံ၏ COA နှင့် SDS ဖြစ်ရန်၊ COA နှင့် SDS စာမျက်နှာတိုင်းတွင် ကုမ္ပဏီ၏ Seal ၊ လျှောက်ထားသူ၏ လက်မှတ်နှင့် Seal မူရင်းများ ပါရှိရန်)

(ဆ) ကုမ္ပဏီမှတ်ပုံတင်တွဲ မိတ္တူ(လျှောက်ထားသူ၏ မှတ်ပုံတင် (သို့) Passport မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ၊ ပို့ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ် မိတ္တူနှင့် Director List မိတ္တူတို့ ပါရှိရန်)

(ဇ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်နှင့် မှတ်ပုံတင်ထားသော ဓာတုပစ္စည်းအမည်စာရင်းများ မိတ္တူ (မှတ်ပုံတင်ထားသော ဓာတုပစ္စည်းများ အမည်စာရင်းတွင်လျှောက်ထားသည့် ဓာတုပစ္စည်းများအား High Light ပြုလုပ်ပြီး Proforma Invoice ပါအတိုင်း အမှတ်စဉ်တပ်ပေးရန်)

**အဆင့် (၂)**

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လျှောက်လွှာ ပုံစံ-၃ နှင့် ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ စစ်ဆေးပါသည်။

**အဆင့်(၃)**

လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံမှုရှိပါက လျှောက်ထားသူသို့ထုတ်ပေးမည့် " ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောက်ခံချက် ပုံစံ- ၅ " အား ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူပါသည်။ ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လိုအပ်သည်များကို ဖြည့်စွက်၍ ပြန်လည်လျှောက်ထားရန် လျှောက်ထားသူသို့ အကြောင်းကြားပါသည်။

**အဆင့် (၄)**

ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူပြီးသော ထောက်ခံချက် ပုံစံ-၅ အား Scan ဖတ်၍ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 စနစ်သို့ Online ဖြင့် ပို့ပေးပြီး ယင်း System ၏ Registration Nos. အား ရယူပါသည်။

**အဆင့်(၅)**

Registration Nos. ရယူပြီးသော ထောက်ခံချက်အား လျှောက်ထားသူသို့ ထုတ်ပေးပါသည်။ လျှောက်ထားသူကိုယ်တိုင် ထောက်ခံချက် လာရောက်ထုတ်ယူပါက မှတ်ပုံတင်မူရင်းနှင့် သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်ထုတ်ယူပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ ယင်း၏ မှတ်ပုံတင်မူရင်း/မိတ္တူတစ်စုံနှင့် သော်လည်းကောင်း လာရောက်ထုတ်ယူရပါသည်။

မှတ်ချက်။ ထောက်ခံချက် လျှောက်ထားရယူခြင်းအတွက် အခကြေးငွေပေးဆောင်ရန်မလိုပါ။
ထောက်ခံချက်သက်တမ်းသည် (၆)လသာ ဖြစ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
**စာချုပ်စာတမ်းများစိစစ်ရေးဌာန၊**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊**
**စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ်( ၃၀ )၊ နေပြည်တော်။**
**ဖုန်းနံပါတ်၊ ၀၆၇၃-၄၀၅၃၂၄ ၊ Website : www.industry.gov.mm**

**STANDARD OPERATING PROCEDURE FOR ISSUING THE RECOMMENDATION ON EXPORT FOR CHEMICAL AND RELATED SUBSTANCES**

**Step(1)**

A Business licence and Registration Certificate holder requires to apply the recommendation on export for chemical and related substances to the Central Supervisory Board in Ministry of Industry. The applicant who do the recommendation on export for chemical and related substances shall submit “Applying the Recommendation for Export of Chemical and Related Substances”–Form (3) together with following described documents.

(a) Application Letter using company letter head signed by Managing Director or Director in Board of Director (original signature and seal)

(b) Copy of Proforma Invoice including country of origin, port of loading, port of discharging (Destination), Packing type, Total amount, and signature of seller and buyer

(c) Copy of Sale Contract including signature of seller and buyer, seal

(d) Use of Chemical or Related substance including original signature and seal

(e) Original and Copy of Analysis Report (one year duration)

(f) Certificate of Analysis (COA) and Safety Data Sheet (SDS) from same country of origin or same import country including original company seal, signature and seal on every page

(g) Copies of Company Registration, NRC card or passport, import/export registration and list of Board of Director

(h) Copies of Chemical and Related Substances Business licence, Registration Certificate and list of registered chemical and related substances

**Step(2)**

The Central Supervisory Board shall scrutinize whether or not the Form(3) and the documents submitted as attachment are completed. It informs to the applicant to reapply by filling up the requirements in incompleted applications.

**Step(3)**

If the required documents are completed, the recommendation form (5) on chemical and related substances for export which will be issued to the applicant is confirmed by the Chairperson of Central Supervisory Board.

**Step(4)**

The recommendation form (5) confirmed by the Chairperson of the Central Supervisory Board is scanned and sent to the Department of Trade, Ministry of Commerce by using Tradenet 2.0 system. Then the registration number of Tradenet 2.0 system is taken.

**Step(5)**

The recommendation which is taken the Registration number is issued to the applicant. If the applicant himself/herself takes out the recommendation, he/she shall bring the original NRC card and copy of it. If the representative takes out the recommendation, he/she shall bring the original NRC card and copy of it together with authorization letter.

**Remark :** There is no fee for applying the recommendation. Duration of the recommendation is only (9) months.

Contact address

Contract Securtiny Department,

Directorate of Industrial Collaboration,

Ministry of Industry,

Office No. (30), Nay Pyi Taw.

Ph; 0673-405336 , Website : www.industry.gov